# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၂၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၅–၉–၂၀၁၆ ] ( တနင်္လာနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာ ကုန်ကျခဲ့သော ပုံညာရထား ဥမင်ကြီးအား ကားဥမင်အဖြစ် အသုံးပြုနိုင်ပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **ငမိုးရိပ်ချောင်းအတွင်း ကုမ္ပဏီတစ်ခုမှ ချောင်းအတွင်း ပိုင်ရိုက်ကာ ရေစီးကြောင်းပြောင်းစေပြီး ကမ်းနံရံချဲ့နေခြင်းကို သက်ဆိုင်ရာဌာနအနေဖြင့် ငမိုးရိပ်ချောင်း ရေရှည်ထိန်းသိမ်းခြင်းအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့နယ်တွင် မိုက်ခရိုတာဝါတိုင် တည်ဆောက်ပေးပြီး GSM ဖုန်းလိုင်းများ တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့နယ်အတွင်း ရေကြီး၊ ရေလျှံမှုကို ဖြစ်ပေါ်စေသည့် ရထားလမ်း၊ ကားလမ်းများအား ပြန်လည်စိစစ်ပြီး ရေစီးရေလာကောင်းမွန်အောင် ပြန်လည်ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်တွင် အမြင့် ၄၅ မီတာရှိ မိုဘိုင်းတာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်းတွင် ဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်းတစ်ခုလုံး၏ ၁၁ % ဖြစ်သော ရေဒီယိုစက်များ တပ်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးဇော်မင်းလွင်၊ မတ္တရာ မဲဆန္ဒနယ်၏ **မတ္တရာမြို့နယ်၊ ဆင်ကျွန်းကျေးရွာအား ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုခြင်း မဖြစ်ပေါ်အောင် ထိရောက်သော ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာတွင် ပုံစံ(၇)ရ လယ်သမား (၁၃၂)ဦး လယ်မြေဧက (၁၇၆၈)ရှိပြီး စိုက်ပျိုးစရိတ်ချေးငွေ (၁၄၁၉)သိန်းကျပ် မထုတ်ပေးနိုင်မှုအပေါ် မည်သည့်ဌာန၊ ပုဂ္ဂိုလ်များ၌ တာဝန်ရှိပြီး မည်သို့အရေးယူမည်နှင့် နောင်ကာလများတွင် မည်သို့ စီမံဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၏ **တန့်ဆည်မြို့နယ်ရှိ စည်တုံးလုံးချောင်းကူးတံတားကြီးကို နိုင်ငံတော်မှ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ−၇)ရရှိထားသော တောင်သူလယ်သမားများအား အချိန်မီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **မင်းကင်းမြို့ပတ်လမ်း (၅) မိုင်ခန့်နှင့် တံတား (၃)စင်း၊ စက်ရေတွင်း (၆)တွင်းတို့ကို စည်ပင် သာယာလမ်း၊ စည်ပင်သာယာပိုင်အဖြစ် လွှဲပြောင်းရယူနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဋ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်၊ လှိုင်းတက် ကျေးရွာအုပ်စု၊ စိုက်ပျိုးရေး ကျေးရွာပိုင် မြေနေရာကို ဝန်ကြီးဌာနပိုင် မြေအဖြစ်မှ စွန့်လွှတ်ပြီး ကျေးရွာပိုင်မြေနေရာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဌ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ အောင်ဗလကျေးရွာချောင်းကို ဆည်တမံပိတ်၍ အနီးအနားရှိ ကျေးရွာများအား ရေချိုဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။